# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 14, 2019 Volume 19, Number 9


**၁၄.၅.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၉၉ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၉၀၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၇ ကျပ် |
| CBM Rate | = ၁၅၄၃.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၃၄.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၇.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၉၇.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၁.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၄.၂၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၃၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၉၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၉.၉၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၉၆၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## တောင်ကိုရီးယားနိုင်ငံကို ရွှဲယိုသီးဖျော်ရည်တင်ပို့ဖို့ စက်ရုံတည်ဆောက်မည်

တောင်ကိုရီးယားနိုင်ငံကို ရွှဲယိုသီးဖျော်ရည်တင်ပို့နိုင်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ရွှဲယိုသီးဖျော်ရည်ထုတ်စက်ရုံကို ဒီနှစ်အတွင်း တည်ဆောက်ဖို့ အစီအစဉ်များ စတင်လုပ်ဆောင်နေတယ်လို့ ဒန့်သလွန်သီးနှင့် ရွှဲယိုသီး ထုတ်လုပ်သူများနှင့် တင်ပို့သူများအစုအဖွဲ့မှ အလုပ်အမှုဆောင် ကိုဇော်လင်းထွန်း ကပြောပါတယ်။ အဆိုပါစက်ရုံကို လာမည့် ဇူလိုင်လမှာ စတင်လည်ပတ်မှာဖြစ်ပြီး စက်ရုံမှထုတ်လုပ်တဲ့ ရွှဲယိုသီးဖျော်ရည်များကိုတော့ တောင်ကိုရီးယားနိုင်ငံကို ဒီနှစ်အတွင်း တင်ပို့မယ်လို့သိရပါတယ်။

"တောင်ကိုရီးယားကို ထုတ်ကုန်တွေတင်ပို့မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီရွှဲယိုသီးဖျော်ရည်ထုတ်စက်ရုံကို တည်ဆောက်ဖို့ ကြိုးပမ်းအားထုတ်နေပါတယ်။ ရွှဲယိုသီးထုတ်ကုန်တွေကို ပြည်ပကိုသာမက ပြည်တွင်းမှာလည်း ဖြန့်ဖြူးသွားမှာ ဖြစ်ပါတယ်။ စက်ရုံတည်ဆောက်တဲ့အခါမှာလည်း အစားအသောက်နဲ့ဆေးဝါး ကြီးကြပ်ကွပ်ကဲမှုဦးစီးဌာနရဲ့ လမ်းညွှန်ချက်တွေနဲ့ တည်ဆောက်မှာဖြစ်ပါတယ်။ တောင်ကိုရီးယားနိုင်ငံက အသင်းအဖွဲ့တွေကလည်း အရည်အသွေးပိုင်းကို စစ်ဆေးမှာဖြစ်ပြီး ဒီနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံကို တင်ပို့နိုင်မှာဖြစ်တယ်" လို့ ကိုဇော်လင်းထွန်းကပြောပါတယ်။

လက်ရှိအချိန်မှာ တောင်ကိုရီးယားနိုင်ငံကို ရွှဲယိုသီးဖျော်ရည်များ အဓိက တင်ပို့နေတာကတော့ ကမ္ဘောဒီးယားနိုင်ငံဖြစ်ပါတယ်။ ထို့ကြောင့် မြန်မာနိုင်ငံ အနေနဲ့ ဈေးကွက်မှာ ၎င်းနိုင်ငံကို ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ "ကျွန်တော်တို့အနေနဲ့ ထုတ်ကုန်ရဲ့အရည်အသွေးပိုင်းကို ကောင်းမွန်အောင် ကြိုးစားရမှာဖြစ်ပြီး ပြည်ပ နိုင်ငံတွေက သတ်မှတ်ထားတဲ့ဈေးနှုန်းကိုလည်း ယှဉ်ပြိုင်နိုင်ပါတယ်"လို့ ကိုဇော်လင်းထွန်းကပြောပါတယ်။ မြန်မာနိုင်ငံမှ ရွှဲယိုသီးခြောက်များကို ထိုင်းနိုင်ငံကဝယ်ယူပြီးနောက် အခြားနိုင်ငံများကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြန်လည်တင်ပို့တာဖြစ်ပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1957-export-wholesaler-juice.html

## ရာသီဥတုမမှန်ပြီး အပူချိန်မြင့်တက်မှုကြောင့် သီဟိုဠ်ထွက်နှုန်း သုံးတန်ကျော်လျော့ကျ



မြန်မာနိုင်ငံတွင်သီဟိုဠ်အများဆုံးထွက်ရှိသည့် မြို့များထဲမှတစ်မြို့အပါအဝင် ဖြစ်သည့် ရေပဂတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်တွင် ယခင်နှစ်က သီဟိုဠ် ၁၅ တန်ကျော်ထွက်ရှိခဲ့သော်လည်း ယခုနှစ်တွင် ရာသီဥတု မမှန်ခြင်းနှင့် အပူချိန် မြင့်တက်ခြင်းတို့ကြောင့် သီဟိုဠ်ထွက်နှုန်းမှာ ၁၁ တန်ကျော်သာ ထွက်ရှိသဖြင့် ယခင်နှစ်ထက် သုံးတန်ကျော် လျော့ကျသွားကြောင်း သာပေါင်း မြို့နယ် သီဟိုဠ်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှသိရသည်။

သီဟိုဠ်အဖူးအပွင့်ထွက်ရှိချိန် ယခုနှစ်အစောပိုင်းတွင် ၄ ရက်ခန့် မိုးဆက်တိုက် ရွာသွန်းပြီး၊ တပတ်ခန့် နှင်းမိုးများကျခဲ့သည့်အတွက် အသီးကင်း

အောင်ဖြစ်ထွန်းမှုနည်းပါးခဲ့ကြောင်းနှင့် ဖြစ်ထွန်းလာသည့် အသီးကင်းများမှာလည်း အပူချိန်မြင့်တက်မှုကြောင့် ဖြစ်ထွန်းမှုနည်းသဖြင့် ထွက်နှုန်းမှာ သိသိသာသာလျော့ကျသွားခဲ့ကြောင်းသိရသည်။ သီဟိုဠ်က မိုးများပြီးထိုက်သင့်တဲ့ အပူချိန်ရှိတဲ့နေရာတွေများ အဖြစ်များပါတယ်။ အပူချိန်က ၃၅ ဒီဂရီ စင်တီဂရိတ်အောက်ပဲကြိုက်တယ်။ အဲဒီထက် များသွားရင် မကြိုက်တော့ဘူး။ တကယ်ဆိုရင်သီဟိုဠ်ကအပူဒဏ် တော်တော်ခံနိုင်တယ်လို့ပြောရမယ်။ ဒါပေမယ့် ပြီးခဲ့တဲ့လကနေ ခုချိန်ထိ အပူချိန်က ၃၈ နဲ့ အထက်မှာပဲရှိတော့ သီးကင်းတွေက မခံနိုင်ဘူး။ ပျက်စီးမှုတွေ များတာပေါ့။ ဒါကြောင့် ထွက်နှုန်းက အရင်နှစ်ထက် သုံးတန်ကျော် လေးတန်လောက်ကို ကျသွားတာပါဟု သာပေါင်းမြို့နယ် သီဟိုဠ် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း အကြံပေး ကိုဖုန်းကြွယ်ကပြောပြသည်။

မြန်မာနိုင်ငံအနှံ့မှ ထွက်ရှိသောသီဟိုဠ်များကို ရန်ကုန်သို့တင်ပို့ကြပြီး ရန်ကုန်မှတဆင့် ပြည်တွင်းပြည်ပသို့ဖြန့်ဖြူး လျှက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် သီဟိုဠ်ကို တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးကြပြီး ၊ ဥရောပနိုင်ငံများအနေဖြင့် ဂျပန်၊ ကိုရီးယား၊ တရုတ်တို့တွင် အနည်းငယ် ဖြစ်ထွန်းကြောင်းသိရသည်။

**Source:** https://www.facebook.com/yadanabonnewspaper/

## ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းသုံးသံထည်ပစ္စည်း ၉၅ ရာခိုင်နှုန်းကျော်ကို ပြည်ပမှတင်သွင်းနေ

မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းသုံး သံထည်ပစ္စည်း ၉၅ ရာခိုင်နှုန်းကျော်ကို ပြည်ပမှ မှာယူ တင်သွင်းနေရကြောင်း Danieli Co.,Ltd(Myanmar Branch)မှ Sales Manager ဦးသီဟအောင်က ပြောပြသည်။ ပြည်တွင်းဆောက်လုပ်ရေး လုပ်ငန်းများတွင် လိုအပ်လျက်ရှိသည့် သံထည်ပစ္စည်း ၉၀ ရာခိုင်နှုန်းကို တရုတ်မှ တင်သွင်းနေပြီး ကျန် ၅ ရာခိုင်နှုန်းကျော်ကို ဗီယက်နမ် ၊ အိန္ဒိယနှင့် တူရကီစသည့်နိုင်ငံများ တင်သွင်းလျက်ရှိကြောင်း ယခုလက်ရှိအချိန်တွင် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းသုံး သံထည်ဈေးနှုန်းအနေဖြင့် ပြည်ပသံတစ်တန်လျှင် ကျပ်ငွေ ၇၀၀၀၀၀ (ခုနစ်သိန်း)မှ ၇၅၀၀၀၀(ခုနစ်သိန်း ငါးသောင်း) ထိရှိပြီး ပြည်တွင်းထုတ် သံတစ်တန်လျှင် ကျပ်ငွေ ၅၀၀၀၀၀ (ငါးသိန်း)မှ ၆၀၀၀၀၀ (ခြောက်သိန်း) ထိရှိကြောင်းသိရသည်။ (ပြည်တွင်းမှာထုတ်တဲ့ သံတွေက အရည်အသွေးမရှိဘူး။ အဆောက်အဦး အမြင့်တွေမှာဆို သုံးလို့မရဘူး။ ခုပြည်တွင်းမှာ သံထုတ်တယ်ဆိုတာကလည်း ပြည်ပနိုင်ငံတွေမှာ လွန်ခဲ့တဲ့ နှစ်၁၀၀ လောက်ကတည်း အသုံးပြုခဲ့တာဆိုတော့ နည်းပညာက တော်တော်နောက်ကြနေပါပြီ)ဟု Danieli Co.,Ltd (Myanmar Branch)မှSales Manager ဦးသီဟအောင်ကပြောပြသည်။

ယခုလက်ရှိ မိသားစုတစ်နိုင်တစ်ပိုင် သံထည်ထုတ်လုပ်ခြင်းလုပ်များမှာ ပြည်ပနိုင်ငံများတွင် လွန်ခဲ့သည် နှစ် ၁၀၀ ဝန်းကျင်က အသုံးနေသည့် နည်းပညာများ ဖြစ်သည့်အတွက် သံထည်ထုက်လုပ်မှု နည်းပညာများ လိုအပ်ချက်များ ရှိနေကြောင်း ၎င်းကဆက်လက်ပြောပြသည်။ ပြည်တွင်းလုပ်ငန်း လိုအပ်ချက်များအရ သံထည်တင်းသွင်းမှုများကို အခွန် လျှော့ပေါ့မှုများ ပေးထားခြင်းများကြောင့် ဝယ်သူများအနေဖြင့်လည်း ဈေးနှုန်းသက်သာမှုရှိကြောင်း အဓိကအားဖြင့် ပြည်တွင်း၌ နည်းပညာအရ တွင်တွင်ကျယ်ကျယ် မထုတ်လုပ်နိုင်ခြင်းများကြောင့် ပြည်ပမှ တင်းသွင်းနေရခြင်း ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/yadanabonnewspaper/

## မြန်မာ့ငါးတန်ကို ပြည်ပပို့ရန် ပြင်ဆင်နေ

မြန်မာ့ငါးတန်ကို နိုင်ငံတကာအဆင့်မီ မွေးမြူရေးစနစ်နဲ့မွေးမြူပြီး နိုင်ငံတကာကို တင်ပို့ဖို့ဆောင်ရွက်နေတယ်လို့ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အမှုဆောင်အရာရှိ ဦးကြီးငွေကပြောပါတယ်။မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က ဦးဆောင်ပြီး Global Earth (Agro and Aqua Industry Public Company Limited) ကို တည်ထောင်ကာ ပန်းတနော်မြို့နယ်က ဧက(၉၀၀)ကျော်မှာ ငါးကန် (၄၀၀)ကျော်တူးဖော်ပြီး ငါးတန်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင် နေတာဖြစ်တယ်လို့သိရပါတယ်။ ငါးတွေကို ပြည်ပတင်ပို့တဲ့အခါ အကောင်လိုက်တင်ပို့မှာမဟုတ်ဘဲ ငါးအသားလွှာ၊ အဆီ၊ အရေပြားနဲ့ အရိုးတွေကို သီးသန့်ခွဲခြားပြီး တရုတ်၊ အမေရိကန်နဲ့ ဥရောပနိုင်ငံတွေက ဈေးကွက်တွေဆီကို တင်ပို့ သွားမှာဖြစ်တယ်လို့ ဦးကြီးငွေကပြောပါတယ်။ သမားရိုးကျငါးမွေးမြူရေးကန်တွေမှာ ငါးစာအဖြစ် ဖွဲနုနဲ့ ပဲဖတ် ကျွေးတာ ဖြစ်ပေမယ့် ငါးတန်မွေးမြူရေးမှာတော့ ရေပေါ်စာငါးအစာတောင့်တွေကို ကျွေးတာဖြစ်တယ်လို့ သိရပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံမှာ ပထမဦးဆုံးအသုံးပြုတဲ့ ရေကန်အောက်ပိုင်းက အနည်အနှစ်တွေ စွန့်ထုတ်တဲ့စနစ်ကို

လည်း ထည့်သွင်း အသုံးပြုထားတယ်လို့ ဆိုပါတယ်။ ငါးမွေးတောင်သူတွေအနေနဲ့ ဒီငါးတန်လုပ်ငန်းကို စိတ်ဝင်စားတယ်ဆိုရင် ပူးပေါင်း လုပ်ကိုင်နိုင်တယ်လို့ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာညီညီက ပြောပါတယ်။

ဒီငါးမွေးမြူရေးစနစ်ကို (၂၀၁၇) ခုနှစ်ကတည်းက စတင်လုပ်ကိုင်ခဲ့တာဖြစ်ပြီး တစ်နှစ်ကျော်အတွင်း စမ်းသပ်မှုရလဒ်တွေအရ အောင်မြင်မှု (၈၀) ရာခိုင်နှုန်းအထိ ရှိတယ်လို့သိရပါတယ်။

**Source:** https://www.facebook.com/onenewsmyan/

## ကုန်သွယ်ရေးအငြင်းပွားမှုတွေကြောင့် အမေရိကန်မှာအလုပ်အကိုင်(၁)သန်းနီးပါး ဆုံးရှုံးရမယ်လို့ တရုတ်ပြော

အမေရိကန်နဲ့တရုတ်ကြား လက်ရှိဖြစ်နေတဲ့ ကုန်သွယ်ရေး အငြင်းပွားမှုတွေကြောင့် တရုတ်နဲ့ကုန်သွယ်ရေး လိုငွေပြမှုတွေလျော့နည်းသွားရမယ့်အစား အမေရိကန်မှာ အလုပ်အကိုင်ပေါင်း(၁)သန်းနီးပါး ဆုံးရှုံးရလိမ့်မယ်လို့ တရုတ်စီးပွားရေး ပညာရှင်တွေက ပေကျင်းမြို့တော်မှာ အခုလ(၁၂) ရက်က ပြောကြားခဲ့ပါတယ်။ နှစ်နိုင်ငံကြား ကုန်သွယ်ရေး ဆွေးနွေးပွဲတွေ ရှေ့ဆက်လုပ်ဆောင်နေပေမယ့်လည်း အမေရိကန်ဒေါ်လာ(၂၀၀)ဘီလီယံ တန်ဖိုးရှိတဲ့ တရုတ်ကုန်ပစ္စည်းတွေကို အခုလ (၁၀)ရက်ကစပြီး အခွန်ငွေ(၁၀)ရာခိုင်နှုန်းကနေ(၂၅) ရာခိုင်နှုန်းအထိ တိုးကောက်မယ့်လို့ အမေရိကန်အစိုးရက ထုတ်ပြန်ခဲ့တာပါ။ အမေရိကန်ရဲ့လုပ်ရပ်ဟာ သူ့ရဲ့ကုန်သွယ်ရေး လိုငွေပြမှုကိုပဲ မြင့်တက်လာစေမှာဖြစ်ပြီး၊ ဒီလုပ်ရပ်ကြောင့် ကမ္ဘာတစ်လွှားက စီးပွားရေးလုပ်ငန်းခွဲတွေ အမေရိကန်ကို အမြန်ပြောင်းရွှေ့ကြတယ်ဆိုတာမျိုး တစ်ကမ္ဘာလုံးက မြင်တွေ့ရမှာမဟုတ်ပါဘူးလို့ တရုတ်စီးပွားရေးပညာရှင်တွေက ပြောပါတယ်။

အခြေကျပြီးသား စီးပွားရေးလုပ်ငန်းခွဲတစ်ခုဟာ နေရာသစ်မှာ ပြန်လည်အခြေကျဖို့ဆိုတာဟာ ဆယ်စုနှစ်ပေါင်းများစွာ အချိန်ယူရမှာဖြစ်ပြီး၊ အမေရိကန်ကုမ္ပဏီတွေဖြစ်တဲ့ Tesla နဲ့ Ford တို့ဟာလည်း ဈေးကွက်ရှာဖွေဖို့နဲ့ ဖွံ့ဖြိုးတဲ့စက်မှု လုပ်ငန်းခွဲအဖြစ်ရပ်တည်ဖို့ တရုတ်နိုင်ငံကိုရောက်ရှိလာကြလိမ့်မယ်လို့လည်း တရုတ်စီးပွားရေးပညာရှင်တွေကဆိုပါတယ်။

တရုတ်ထုတ်ကုန်ပစ္စည်းတွေဟာ အမေရိကန်နိုင်ငံတစ်ခုတည်းမှာပဲ ဈေးကွက်ရှိတာမဟုတ်ပဲ အခြားဈေးကွက်တွေလည်းရှိပါတယ်။ အမေရိကန်-တရုတ်ကြားမှာ ကုန်သွယ်ရေးအငြင်းပွားမှုတွေမြင့်တက်နေတာဟာ ကမ္ဘာ့ကုန်သွယ်ရေးစနစ် နဲ့ စည်းမျဉ်းစည်းကမ်းတွေကို စိန်ခေါ်နေတာဖြစ်တယ်လို့လည်း တရုတ်စီးပွားရေးပညာရှင်တွေက ပြောကြောင်း ရိုက်တာသတင်းမှာဖော်ပြထားပါတယ်။

**Source:** https://www.facebook.com/onenewsmyan/

## မြန်မာကျပ်ငွေဖြင့်ဝယ်ယူနိုင်မည့် ကျောက်မျက်ရတနာပြပွဲ ပြုလုပ်မည်

မြန်မာကျပ်ငွေဖြင့် ဝယ်ယူနိုင်မည့် ကျောက်မျက်ရတနာပြပွဲကို ဇွန်လ ၈ ရက်နေ့မှ ၁၃ ရက်နေ့အထိ နေပြည်တော်ရှိ မဂ်ဂရတနာကျောက်စိမ်းခန်းမတွင် ပြုလုပ်မည်ဖြစ်ကြောင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီထံမှ သိရသည်။ ယင်းပြပွဲသို့ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူခွင့်ပြုမည်ဖြစ်ကြောင်း ယင်းကော်မတီထံမှသိရသည်။

ထို့ပြင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေများနှင့်အညီ မှတ်ပုံတင်ထားသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းဝင်နိုင်ငံသားများ၊ ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကိုလည်း ဝယ်ယူခွင့်ပြုမည်ဖြစ်ပြီး ရောင်းချပွဲသို့တက်ရောက်ဝယ်ယူလိုသူများသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ကျောက်မျက်၊ ကျောက်စိမ်းအတွဲများရောင်းချခြင်း၊ ရတနာကုန်သည်များ ကျောက်မျက်အတွဲများကို ကြည့်ရှုစစ်ဆေးခြင်း၊ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်မျက်အတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများတွင် ထည့်သွင်းခြင်း၊ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီထံမှသိရသည်။

**Source:** https://news.ydnp.net/268449/

## အမေရိကန်-တရုတ် ကုန်သွယ်ရေးတင်းမာမှု ပြန်လည်မြင့်တက်လာမှုက ထိုင်းပို့ကုန်လုပ်ငန်းအပေါ် ခြိမ်းခြောက်နေဟုဆို

ယခုရက်ပိုင်းမှာ အမေရိကန်နဲ့ တရုတ်အကြား ကုန်သွယ်ရေး တင်းမာမှုတွေ ပြန်လည်ရေရှိန်မြင့်တက်လာနေခဲ့ပြီးနောက် ထိုင်းနိုင်ငံရဲ့ ပို့ကုန်လုပ်ငန်းနဲ့ စီးပွားရေးကတော့ ကံဆိုးမိုးမှောင်ကျမယ့် အခြေအနေနဲ့ရင်ဆိုင်ရဖို့ ရှိနေတယ်လို့ သိရပါတယ်။တရုတ်ကုန်စည်တွေအပေါ် အခွန်တိုးကောက်ဖို့ Trump ရဲ့ ဆုံးဖြတ်ချက်ဟာ ထိတ်လန့်စရာကောင်းကြောင်း ထိုင်းကုန်သည်ကြီးများအသင်း တက္ကသိုလ်ရဲ့ သုတေသနဌာန ဒုဥက္ကဌ Thanavath Phovinchai က ပြောပါတယ်။

ခုလို အမေရိကန်ကုန်သွယ်ခွန်တိုးကောက်ခြင်းကြောင့် ကမ္ဘာ့စီးပွားရေးမှာ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှုကို သေချာပေါက် ထိခိုက်လာစေပါလိမ့်မယ်” လို့ ၎င်းကပြောသွားပါတယ်။ ကမ္ဘာ့စီးပွားရေးကလည်း ယခုနှစ်အတွင်း ၃ ရာခိုင်နှုန်းနဲ့ အောက်သာ တိုးတက်မယ်လို့မျှော်လင့်ရပြီး ယင်းအခြေအနေက ထိုင်းပို့ကုန်နဲ့ ခရီးသွားလုပ်ငန်းအပေါ် ထိခိုက်စေဖို့ရှိနေကြောင်း Mr Thannavath က ပြောသွားပါတယ်။ ထိုင်းဂျီဒီပီက ခုနှစ်ထဲ ၃ ဒသမ ၅ ရာခိုင်နှုန်းအောက်နဲ့ တိုးတက်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်၊ အရင်ခန့်မှန်းထားခဲ့တဲ့ ၃ ဒသမ ၇ ၊ ၃ ဒသမ ၈ ရာခိုင်နှုန်းထက်နည်းပါးဖို့ရှိနေပါတယ်၊ ခုချိန်မှာ အမေရိကန်အခွန်တိုးကောက်လို့ ဖြစ်လာတဲ့အခြေအနေတွေရဲ့ သက်ရောက်မှုက အမေရိကန်ဈေးကွက်ဆီသွားမယ့် တရုတ်ကုန်စည်တွေကို ပိုဈေးကြီးစေဖို့ရှိနေပါတယ်” လို့ ၎င်းက ပြောသွားပါတယ်။ ကမ္ဘာ့စီးပွားရေး နှေးကွေးမှု၊ ကုန်သွယ်ရေးစစ်ရှိန်မြင့်တက်လာမှုတို့က ခုနှစ်ထဲ ထိုင်း ပို့ကုန်လုပ်ငန်းအပေါ် တိုးတက်မှု လျော့ပါးစေဖို့ ရှိနေပါတယ်လို့လည်း ၎င်းက ထပ်လောင်းပြောသွားပါတယ်။

**Source:** https://www.bangkokpost.com/.../latest-salvo-in-us-china-trad...

## ကမ္ဘာလုံးဆိုင်ရာ ပလတ်စတစ်စွန့်ပစ်ပစ္စည်း ကုန်သွယ်မှုကို ကန့်သတ်ဖို့ နိုင်ငံပေါင်း ၁၈၀ ကျော်သဘောတူ

ကမ္ဘာ့နိုင်ငံတွေရဲ့ နယ်စပ်နယ်နမိတ်တွေအကြား ပလတ်စတစ်စွန့်ပစ်ပစ္စည်းတွေ စီးဆင်းရောက်ရှိမှုကို ထိန်းချုပ်သွားနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံပေါင်း ၁၈၇ နိုင်ငံက အစိုးတွေအကြား သဘောတူညီချက်ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒါဟာ ကမ္ဘာ့ပလတ်စတစ် အကျပ်အတည်း ပြဿနာကို ထိန်းချုပ်နိုင်ဖို့ ရည်ရွယ်အားထုတ်ကြိုးပမ်းတဲ့ လုပ်ဆောင်ချက်တစ်ခု ဖြစ်ပါတယ်။

သို့ပေမယ့်လည်း ယင်းနိုင်ငံတွေထဲမှာ အမေရိကန်ပါဝင်ခြင်းမရှိဘူးလို့လည်း သိရပါတယ်။အန္တရာယ်ရှိ ပစ္စည်းတွေကို နိုင်ငံတစ်နိုင်ငံကနေ အခြား နိုင်ငံတစ်နိုင်ငံဆီ ရောက်ရှိမှုအပေါ် စည်းကြပ်တားမြစ်မယ့် စာချုပ် Basel Convention မှာ ပလတ်စတစ်ကို ထပ်မံဖြည့်စွက်ဖို့ ကမ္ဘာ့ နိုင်ငံတွေက သဘောတူခဲ့တာဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာတစ်ဝှမ်း ပလတ်စတစ်ညစ်ညမ်းမှုရဲ့ အန္တရာယ်ရှိ ဆိုးကျိုးတွေကို တိုက်ဖျက်နိုင်ဖို့ ရည်ရွယ်ပါတယ်။ယင်းသဘောတူညီချက်ကိုတော့ ဆွစ်ဇာလန်နိုင်ငံမှာပြုလုပ်ခဲ့တဲ့ သီတင်းပတ်နှစ်ပတ်ကြာအစည်းအဝေးအပြီးမှာ အတည်ပြုနိုင်ခဲ့တာဖြစ်ပါတယ်။

**Source:** https://edition.cnn.com/2019/05/11/world/basel-convention

## ကုန်သွယ်ရေး သဘောတူညီချက်တစ်ခုရအောင် အမြန်ဆုံး လုပ်ဆောင်ဖို့ Donald Trump တရုတ်ကို ဖိအားပေး

လက်ရှိအချိန်မှာ တရုတ်အစိုးရအနေနဲ့ အမေရိကန်နဲ့အကြား ကုန်သွယ်ရေး သဘောတူညီချက်တစ်ခုရရှိဖို့ လုပ်ဆောင်သင့်ကြောင်း၊ အဲဒီလိုမလုပ်နိုင်ခဲ့ဘူးဆိုပါက လာမယ့် ၂၀၂၀ နောက်ပိုင်းကျရင် ၎င်းနိုင်ငံအတွက် အခြေအနေဟာ ယခုထက်သာ ဆိုးသွားတော့မှာဖြစ်ကြောင်း အမေရိကန်သမ္မတ Donald Trump က တရုတ်ကို သတိပေး ပြောဆိုလိုက်ပါတယ်။ တရုတ်တို့အနေနဲ့ ခုလက်ရှိကာလမှာ အမေရိကန်နဲ့အကြား သဘောတူညီချက် မရထားဘူးဆိုရင် ၎င်းရဲ့ဒုတိယမြောက် သမ္မတသက်တမ်းကျရင် အခြေအနေပိုဆိုးမှာဖြစ်ကြောင်း Trump က သတိပေးလိုက်တာ ဖြစ်ပါတယ်။

Washington နဲ့ Beijing တို့ဟာ လက်ရှိကုန်သွယ်ရေး ပဋိပက္ခစစ်ပွဲတစ်ခုအတွင်း ပိတ်မိနေလျက်ရှိပြီး နှစ်ဘက်အကြား မြောက်မြားစွာသော အခွန်အကောက်တွေ အပြန်အလှန် တိုးမြှင့်ကောက်ခံရင်းနဲ့ အပြန်အလှန်အထိနာစေလျက်ရှိပါတယ်။ ဒီ့အပြင် အဆိုပါအခြေအနေတွေဟာ ကမ္ဘာ့စီးပွားရေးအပေါ် ထိခိုက်လာစေမယ့်အပေါ်မှာလည်း

စိုးရိမ်ပူပန်မှုတွေ မြင့်တက်နေလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းက အမေရိကန်-တရုတ် နှစ်နိုင်ငံအကြား ၂ ရက်တာ ဆွေးနွေးညှိနှိုင်းမှုတွေလုပ်ခဲ့ပြီး မေလ ၁၀ ရက်ကပြီးဆုံးသွားခဲ့ပေမယ့်လည်း ဘာသဘောတူညီချက် တစ်ခုမှ မရရှိခဲ့ပါဘူး။

တရုတ် အဆင့်မြင့်ညှိနှိုင်းရေးမှူးကတော့ ရှေ့လာမယ့် တစ်ရက်ရက်မှာ ပေကျင်းမှာ နှစ်ဘက်အကြား နောက် တစ်ကြိမ် ထပ်တွေ့ကြမယ်လို့လည်း ပြောပါတယ်။ ဒါပေမယ့်လည်း အရေးကြီးတဲ့ စည်းမျဉ်းပိုင်းမှာ တရုတ်ဘက်က ဘယ်လို လိုက်လျောမှုမှ လုပ်မှာမဟုတ်ဘူးလို့လည်း သတိပေးသွားခဲ့ပါတယ်။

**Source:** https://www.channelnewsasia.com/.../trump-to-china-trade-deal...

## မြန်မာကုန်တင်ယာဉ်များကို တရုတ်နိုင်ငံထဲသို့ ဝင်ထွက်သွားလာခွင့်ပြု



ရွှေလီ-ဝမ်တင်ဂိတ်ပေါက်မှ တရုတ်ပြည်ဘက်သို့ ဝင်ရောက်လာသည့် ကုန်တင်ကားများအနေနှင့် လိုအပ်ချက်အပေါ်မူတည်၍ တရုတ်ပြည်လမ်းမကြီးများကို အသုံးပြုကာ ရွှေလီ/ကျယ်ဂေါင်ဂိတ်ပေါက်မှ မြန်မာပြည်ဘက်သို့ ရွှေလီအစိုးရက ပြန်လည်ထွက်ခွာခွင့်ပြုလိုက်ကြောင်း မူဆယ် ၁၀၅ မိုင် သစ်သီးဝလံ ကုန်စည်ဒိုင် တာဝန်ခံ ဒေါ်ကြည်ကြည်ခိုင်ကပြောကြားသည်။ မြန်မာကုန်တင်ယာဉ်များသည် တရုတ်ပြည်ဘက်က သတ်မှတ်ထားသည့် ယာဉ်ဖြတ်သန်းခွင့်ပြုချက်ကို သက်ဆိုင်ရာဌာနများထံ လျှောက်ထားတောင်းခံ ရမည်ဖြစ်ပြီး သတ်မှတ်အခွန်အခများကို လျှောက်ထားသူက ပေးဆောင်ရမည်ဖြစ်ကြောင်း ယင်းကုန်စည်ဒိုင်ထံမှ သိရသည်။

ဝမ်တင်ကနေဝင် အသီးကွင်းထဲမှာ အသီးချပြီး ကျယ်ဂေါင်တို့ ရွှေလီတို့မှာ ကုန်တင်ဖို့ရှိရင် တရုတ်ပြည်ထဲကနေ ပေး မပတ်ဘူး။ ပြန်ထွက်ပြီးမှ မူဆယ်ကနေပြန်ဝင်ရတာ။ အခု အသီးကားတွေချပြီး ကုန်တင်စရာရှိရင် တရုတ်ပြည်ထဲကနေ ပတ်သွားလို့ရပြီဆိုပြီး ခွင့်ပြုပေးလိုက်တာဟု ဒေါ်ကြည်ကြည်ခိုင်က ဆိုသည်။ ယခင်က မြန်မာ ကုန်တင်ယာဉ်များကို တရုတ်ပြည်ထဲသို့ ဝင်ထွက်သွားလာခွင့် မပြုသည့်အတွက် ရွှေလီနှင့်ကျယ်ဂေါင်တွင် ကုန်တင်မည့် ကားများသည် မူဆယ် ၁၀၅ မိုင်အပေါက်မှ ပြန်ဝင်ရန် ယာဉ်ကြော ပိတ်ဆို့သည့်အတွက် တစ်ပတ်ခန့် စောင့်ဆိုင်း ရကြောင်း မူဆယ် ၁၀၅ မိုင် သစ်သီးဝလံ ကုန်စည်ဒိုင်ထံမှ သိရသည်။

သူတို့ဘက်ကတော့ တရားဝင် ခွင့်ပြုပြီးပြီ။ ယာဉ်တွေကတော့ စမသွားသေးဘူး။ ဒီရက်ပိုင်းအတွင်း စသွားမှာပါ။ ဒီဘက်က ဝင်ခွင့်ကတ်တွေ ပြင်ဆင်ရဦးမယ်ဟု ခွာညို(သစ်သီးပွဲရုံ)ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းခင်နောင်က ပြောကြားသည်။ မြန်မာကုန်တင်ယာဉ်များ စတင်သွားလာနိုင်ရန် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက မေလ ၁၂ ရက်နေ့တွင် လမ်းကြောင်းများကို လိုက်လံစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း မူဆယ် ၁၀၅ မိုင် သစ်သီးဝလံ ကုန်စည်ဒိုင်ထံမှသိရသည်။ မြန်မာကုန်တင်ယာဉ်များကို ဝင်ထွက်သွားလာခွင့်ပြုလိုက်သည့်အတွက် ရွှေလီ-ဝမ်တင် ဝင်ထွက်ဂိတ်တွင် ယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့နိုင်မည်ဖြစ်ပြီး မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်စည်စီးဆင်းမှုကို လျင်မြန်စေမည်ဖြစ်ကြောင်း သစ်သီးကုန်သည်များက သုံးသပ်ပြောကြားသည်။

**Source:** http://thevoicemyanmar.com/news/33870-mkt

## နေ့အပူချိန်မြင့်မားပြီး မိုးရွာသွန်းမှုလိုအပ်ချက်ကြောင့် နှမ်းများ အထွက်နှုန်းလျော့နည်းနိုင်ဟုတောင်သူများဆို



မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်တွင် စိုက်ပျိုးသော နှမ်းများမှာ နေ့အပူချိန်မြင့်မားပြီး မိုးရွာသွန်းမှုလိုအပ်ချက်ကြောင့် အထွက်နှုန်း လျော့နည်းနိုင်ကြောင်း နှမ်းစိုက်ပျိုးသော တောင်သူများထံမှ သိရသည်။ မင်းဘူး (စကု) မြို့နယ်အတွင်း GAP စနစ်ဖြင့်စိုက်ပျိုးသော နှမ်း စိုက်ခင်းများအပါအဝင် နှစ်ပေါ်စိုက်ဧက ၁၅၀၀၀ ခန့် စိုက်ပျိုးထား ရှိသည်။

ကျွန်တော်တို့ဒေသက ဆည်ရေရရှိသလို မြေအောက်ရေလည်းရရှိတဲ့ အတွက် နှစ်စဉ် နှမ်း၊ နှစ်ပေါ်စိုက်ပျိုးကြတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းက မိုးနှစ်ရက်လောက်ရွာခဲ့ပေမယ့် လိုအပ်ချက်ပြည့်မီအောင် မရွာတဲ့အတွက် အဆင်မပြေခဲ့ဘူး။ ဒါပေမဲ့ နေ့စဉ် ရေဖျန်း

ပေးနေတာကြောင့် မြေအစိုဓာတ်ရရှိပြီး နှမ်းပင်တွေဖူးပွင့်ကုန်ပါပြီ။ အခုလို အပွင့်တွေပွင့်ပြီး အသီးလိုက်ခါနီး မိုးလိုနေတယ်။ မိုးလိုနေတဲ့အချိန်မရွာဘဲ အပူချိန်ပြင်းတာကြောင့် နှမ်းအထွက်နှုန်း လျော့နည်းနိုင်ပါတယ်" ဟု မင်းဘူး (စကု) မြို့နယ် ကံကုလားကျေးရွာနေ တောင်သူကိုလှမင်းနိုင်ကရှင်းပြသည်။ မင်းဘူး (စကု) မြို့နယ် ကျောက်စစ်ပုံကျေးရွာ၊ ကံသစ်ကျေးရွာ၊ ကံကုလားကျေးရွာနှင့် ကျောက်စံကျေးရွာတို့သည် ဆည်ရေ ရရှိသည့်ဒေသများဖြစ်ကာ တစ်နှစ်လျှင် သုံးသီးစား စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ နွေကာလ၌ နွေနှမ်းကိုအဓိကစိုက်ပျိုးကြပြီး လာမည့်ဖွန်လပိုင်း လောက်တွင် နွေနှမ်းများ ရိတ်သိမ်းကြတော့မည်ဖြစ်ကြောင်း သိရသည်။

ကျွန်တော်တို့ နွေနှမ်းစိုက်ပျိုးခဲ့တာ လေးနှစ်ရှိခဲ့ပြီ။ အရင်ကတော့ နွေကာလဆည်ရေရရှိတာကြောင့် နွေစပါး စိုက်ခဲ့ကြတယ်။ နွေစပါးစိုက်ပျိုးတာထက် နွေနှမ်းစိုက်ပျိုးတာ ပိုပြီးတွက်ခြေကိုက်တာကြောင့် နွေစပါးမစိုက်တော့ဘဲ နွေနှမ်းကိုပဲ စိုက်ပျိုးလုပ်ကိုင်ခဲ့တယ်။ နေ့အပူချိန်တွေပြင်းနေတာကြောင့် နှမ်းခင်းတွေ ရေမပြတ်အောင် ရေဖျန်း၊ ရေသွင်းပေးနေသလို ရေမဝပ်အောင်လည်း ဖောက်ထုတ်ပေးနေရပါတယ်။ ရေဝပ်ရင် နှမ်းပင်တွေ အမြစ်ပုပ်ကုန်တတ်တဲ့ အတွက် ဂရုစိုက်ပြီး ရေသွင်း၊ ရေထုတ်နေရတယ်။ ဒီလောက်ပူပြင်းနေတာ၊ ထွက်ရှိချိန်မှာ အထွက်နှုန်းလျော့နည်း နိုင်ပါတယ်ဟု ကျောက်စံကျေးရွာနေ တောင်သူဦးသန်းလွင်ကသုံးသပ်သည်။

**Source:** https://www.facebook.com/kope.aung?fref

## ကသာမြို့နယ်တွင် ရေဝတီမြစ်ရေအနည်းငယ်တက်လာ၍ ပဲပုရစ်များဈေးကောင်းရ



စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်တွင် ဧရာဝတီမြစ်ရေအနည်းငယ် တက်လာ၍ မြေပဲခင်းများ၌နေသော ပဲပုရစ်များ ဝယ်ယူစားသုံးသူများခြင်းကြောင့် ဈေးကွက်အတွင်းသို့ စတင်အရောင်းအဝယ်ပြုလုပ်လာကြကြောင်းသိရသည်။ ပုရစ်များမှာ ကသာမြို့နယ်တွင် စက်တင်ဘာလနှင့် မေလတို့တွင် တစ်နှစ်လျှင် နှစ်ကြိမ်ပေါ်ပြီး စက်တင်ဘာလ ဆောင်းတွင်းကာလထွက်သော ပုရစ်များမှာ ဥပါရှိပြီး ယခုမေလ မြေပဲခူးချိန် ဧရာဝတီမြစ်ရေတက်လာပါက ရေနစ်မြုပ်ခြင်း၊ နေပူပြင်းခြင်းတို့ကြောင့် ထွက်ရှိသည့် ပုရစ်များမှာ ဥပါခြင်းမရှိကြောင်း သိရသည်။

ကသာမြို့နယ်အတွင်းရှိ အထက်သံပုရာ၊ မိုးတား၊ ချောင်းဝ၊ နွယ်နီ၊ မင်းလည်၊ ပေါလော၊ ပုလွေရွှေ၊ ကျောက်ထုံးကြီး၊ အင်းဒရန့်၊ သံပုရာကုန်း၊ တုတ်ကြီး၊ ရွှေပြည်သစ်၊ ကျားသေ၊ ကူးကာစသည့်ကျေးရွာများမှ ပုရစ်တောင်သူများမှာ ရေယာဉ်များ၊ ကား၊ ဆိုင်ကယ်များဖြင့် ကသာမြို့ပေါ်ရှိဒိုင်များသို့ လာရောက်ရောင်းချလျက်ရှိသည့်အတွက် ပုရစ် ဈေးကွက်ရှိပြီး ရောင်းအားကောင်းလျက်ရှိကြောင်း အဝယ်ဒိုင်များမှသိရသည်။

ကသာမြို့ရှိ ပုရစ်ဒိုင်များမှ အကောင် ၁၀၀ လျှင် ကျပ် ၃,၀၀၀ မှ ကျပ် ၄,၀၀၀ ဖြင့် ဝယ်ယူပြီး လက်လီရောင်းချသူများက ကျပ် ၄၅၀၀ မှ ကျပ် ၅,၀၀၀ အထိ ရောင်းချလျက်ရှိကြောင်း၊ ပုရစ်အဝယ်ဒိုင်များမှ သန့်စင်ပြီး ပလတ်စတစ် တစ်အိတ်လျှင် အကောင် ၂၀၀ ပါ အထုပ်များထုပ်၍ ရေခဲရိုက်ကာ မန္တလေး၊ နေပြည်တော်၊ ရန်ကုန်၊ မော်လမြိုင် မြို့များသို့လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်သို့လည်းကောင်း တင်ပို့ဖြန့်ချိ ရောင်းချခြင်းရှိသဖြင့် ရေခဲစက်များ၊ ပုရစ်ကောက်ရောင်းသူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလျက်ရှိသည်။

**Source:** https://www.facebook.com/kope.aung?fref

## ဈေးကွက်အလားအလာကောင်းနေသည့် ဂါသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တိုးမြှင့်စိုက်ပျိုး

ဈေးကွက် အလားအလာကောင်းနေသည့် ဂါသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တိုးမြှင့်စိုက်ပျိုးနိုင်ရေး ပံ့ပိုး ဆောင်ရွက်သွားမည်ကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ လက်ရှိတွင် ဂါစိုက်ပျိုးမှုကို စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘိုနှင့် ကန့်ဘလူခရိုင် အတွင်းရှိ မြို့နယ် ၁၉ ခုတွင် စတင်စိုက်ပျိုးနေပြီဖြစ်ပြီး ဂါစိုက်ပျိုးမှုစနစ်နှင့် အရည်အသွေး သန့်ဂါရရှိနိုင်ရေးဆောင်ရွက်ရမည့် စနစ်၊ မျိုးသန့် ဂါကြိတ်ခွဲခြင်းစနစ်၊ မျိုးစေ့အရည်အသွေးနှင့် အကဲဖြတ်သည့်စနစ်တို့ကို သင်တန်းပေးလျက်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးထွန်းရှိန်က တောင်သူတွေဟာ ဈေးကွက်ရှိနေတဲ့ ဂါသီးနှံကို တိုးချဲ့စိုက်ပျိုးလာတာနဲ့အတူ ပြည်တွင်း ထုတ်လုပ်ဖို့၊ ပြည်ပပို့ဖို့ ဒါတွေနဲ့အညီ ဆောင်ရွက်နိုင်အောင် သင်တန်းတွေပေးနေတာဖြစ်ပါတယ်"ဟု ပြောသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေတောင် ၈၊ ၉ မျိုးများကို အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း၊ ဂါမျိုးစေ့များတွင်

မျိုးကောင်းမျိုးသန့်ရရှိ စိုက်ပျိုးမှုအားနည်းနေသည့်အတွက် မျိုးစေ့ထိန်းသိမ်းရန် အရပ်ဘက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ထွန်ယက်စိုက်ပျိုးမှုလုပ်ငန်းများ တွင်ကျယ်လာစေရေးအတွက် စက်မှုလယ်ယာ စနစ်ဖြစ်လာစေရန်နှင့် ဂါစက်ရုံလည်ပတ်နိုင်ရန် ကုန်ကြမ်းရားပါးမှုကို ဖြည့်ဆည်းပေးနိုင်ရေး လိုအပ်လျက်ရှိသည်။

ပြည်တွင်းမှာ မျိုးစေ့ထုတ်လုပ်နိုင်တဲ့ မျိုးစေ့ကုမ္ပဏီတွေ ပေါ်ပေါက်လာဖို့လိုအပ်တယ်။ မျိုးစေ့ကဏ္ဍတိုးတက် ပြောင်းလဲလာဖို့ မျိုးစေ့ထုတ်လုပ်ငန်းရှင်တွေ၊ တောင်သူတွေပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်သလို ရာသီဥတုဒဏ်၊ ပိုးမွှားဒဏ်ခံနိုင်တဲ့ ဒေသမျိုးရင်းတွေလိုမျိုး အရည်အသွေးထိန်းသိမ်းပေးတာကို အလေးထားဆောင်ရွက်ရမှာ ဖြစ်တယ် ဟု စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) ဂါနှင့်ချည်မျှင်ထွက်သီးနှံဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနုက ပြောသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဂါစိုက်ပျိုးမှုကို ဧက ၁၃၀၀၀၀ ကျော်ခန့် စိုက်ပျိုးနိုင်ရေး လျာထားကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ဂါသီးနှံကို မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးဧကပေါင်း ၅၅၀၀၀၀ ကျော်မှ တန်ချိန်တစ်သိန်း ခြောက်သောင်းခန့်ထွက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဇူလိုင်လမှ ဩဂုတ်လကုန်အထိ မိုးကြိုဂါထွက်ရှိပြီးအောက်တိုဘာလတွင် မိုးနှောင်းဂါထွက်ရှိသည်။ လက်ရှိတွင် ဂါတစ်ပိဿာ ကျပ် ၁၃၀၀ နှင့် ဂါဝွမ်းတစ်ပိဿာလျှင် ကျပ် ၃၂၀၀မှ ကျပ် ၃၆၀၀ အထိ ဈေးပေါက် နေသည်။ ဂါသီးနှံသည် ယခင်နှင့်မတူဘဲ ပြည်တွင်းချည်မျှင်စက်ရုံများနှင့် ပြည်ပတင်ပို့ရေးအတွက် ဝယ်ယူသူတို့အကြား ဈေးကွက်ရရှိနေသည့် စက်မှုသီးနှံဖြစ်သည်။

**Source:** https://www.facebook.com/thefarmermedia/posts/2172033342910840?__tn__=K-R

## STOCK EXCHANGE (14.5.19)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 14th May. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | -500 | -4.55% | 11,000 | 11,000 | 10,500 | 2,902 | 31,871,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 7,914 | 25,324,800 | 38,929,150 | 124,573 |
| MCB | 00003 | 7,300 | -200 | -2.67% | 7,300 | 7,300 | 7,300 | 10 | 73,000 | 10,400,986 | 75,927 |
| FPB | 00004 | 22,500 | -1,500 | -6.25% | 22,500 | 22,500 | 22,500 | 50 | 1,125,000 | 2,472,053 | 55,621 |
| TMH | 00005 | 3,000 | +0 | +0.00% | 2,950 | 3,000 | 2,950 | 6,608 | 19,499,350 | 12,212,906 | 36,639 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 422.96 | -14.17 | -3.24% | 437.13 | 437.13 | 422.96 | 17,484 | 77,893,150 | 5 | 577,444 |

**Index chart**

